မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 6 , 2026 Volume 100 , Number 4

၆. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၇.၂၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၈.၁၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၁.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၁၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့သော်လည်း ပြီးခဲ့သည့်လထက် ၃ သောင်းကျော်လျော့ကျ



၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် (၁၇၈,၁၉၁ဒဿမ၅) တန်တင်ပို့ခဲ့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အချက်အလက်များအရသိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလက ၂၀၈,၈၄၇ တန်ချိန် တင်ပို့နိုင်ခဲ့သဖြင့် ၎င်းလနှင့်နှိုင်းယှဉ် ပါကတန်ချိန် ၃ သောင်းကျော်လျော့ကျခဲ့ကြောင်း သိရသည်။

ထိုသို့ ဖေဖော်ဝါရီလအတွင်း ဆန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန်ချိန် (၁၀၄,၈၆၁ ဒဿမ ၅) တန်ရှိခဲ့၍ ဆန်ကွဲတင်ပို့မှုသည် မက်ထရစ်တန်ချိန် ၇၃,၃၃၀ တန်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါတင်ပို့မှုများအနက် ပင်လယ်ရေကြောင်းမှတစ်ဆင့် မက်ထရစ်တန်ချိန် (၁၇၈,၁၉၁ ဒဿမ ၅)တန်ကို တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါတင်ပို့မှုအတွင်း တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုအများဆုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၊ စပိန်၊ ပိုလန်၊မက်ဒါဂါစကာ၊ ချက်၊ နယ်သာလန်၊ တူရကီ၊ မလေးရှား၊ ဘယ်လ်ဂျီယံတို့ အပြင် နိုင်ငံပေါင်း ၂၀ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆန်ကွဲတင်ပို့မှုသည်လည်း တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ဘယ်လ်ဂျီယံ အမေရိကန်၊ ပိုလန်၊ နယ်သာလန်၊ စပိန်၊ အီတလီ၊ ချက်၊ ပေါ်တူဂီ ၊ ဗီယက်နမ် နိုင်ငံတို့အပြင် အခြားနိုင်ငံ (၅)ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် (၂၀၂၅-၂၀၂၆)၊ ဧပြီလမှ ဖေဖော်ဝါရီလအထိ ဆန်နှင့်ဆန်ကွဲ ပြည်ပသို့ (၂,၅၀၆,၀၄၉)တန် တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာ ၇၉၀ သန်း ရရှိခဲ့ကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## စက်သုံးဆီဂယက်ကြောင့် EV ကားဈေး ချက်ချင်းထိုးတက်




ကမ္ဘာတစ်ဝှမ်း လတ်တလောရင်ဆိုင်နေရသည့် စက်သုံးဆီဂယက်ကြောင့် ပြည်တွင်းလျှပ်စစ်စွမ်းအင်သုံး EV ကားဈေးများ ချက်ချင်းမြင့်တက် သွားကြောင်း မန္တလေးကားဈေးကွက်မှ သိရပါတယ်။

တစ်စီးလျှင် နာရီပိုင်းအတွင်း ကျပ်သိန်းနှစ်ဆယ်ကျော်နှင့်အထက်သို့ ဈေးမြင့်တက်သွားခြင်းဖြစ်ပြီး အရောင်းစင်တာအချို့ ယာယီအရောင်းရပ်ထားကြောင်း ကားဈေးကွက်စောင့်ကြည့်လေ့လာသူများကဆိုပါတယ်။

“ခါတော်မီလုပ်စားကြတာ ၊ အစောပိုင်းထွက်ထားတဲ့ BYD ထဲက မော်ဒယ်နိမ့်လိုဟာမျိုးတောင် ဈေးဆွဲတင်လာတယ်၊ အရောင်းအဝယ် စကားပြောထားပြီး စရံမပေးရင် ပွဲဖျက်ခံရတယ်၊ လတ်တလောတင်ကို သုံးလေးဆယ်လောက်ဈေးမြင့်ခေါ်လာကြတာ၊ မနေ့ကဈေးထက်သိန်းနှစ်ဆယ် အစိတ်အတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တာ တွေလည်း ရှိတယ်၊ တချို့ Showroom ကြီးတွေ အရောင်းရပ်ထားတယ်၊ အပြင်(ကားဝယ်ရောင်းလောက)မှာပဲ ပွဲဆူနေတာ”လို့ သတင်းအရင်းအမြစ်တစ်ဦးက ပြောပါတယ်။

ယခင် ကျပ်သိန်းတစ်ထောင်အောက်ဈေးဖြင့်အရောင်းအဝယ်ဆိုင်ထားသည့် အိမ်စီး EV ကား တစ်စီးသည် လက်ရှိတွင် သိန်းတစ်ထောင်နှင့်အထက်သို့ ဈေးရောက်လာကြောင်း သိရပါတယ်။

အမေရိကန်-အီရန်-အစ္စရေး စစ်ပွဲကြောင့် ကမ္ဘာ့ရေနံကုန်သွယ်ရေးကဏ္ဍကမောက်ကမ ဖြစ်သွားပြီးနောက် ကမ္ဘာ တစ်ဝှမ်းလုံး စက်သုံးဆီပြဿနာများနှင့် ရင်ဆိုင်နေကြရခြင်းဖြစ်ပါတယ်။

Source : https://opinionleadersmedia.com/

## မိုးစပါးများရိတ်သိမ်းပြီးစီးမှုနှင့်ဈေးနှုန်းအခြေအနေ




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်သောကြောင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းသီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ငွေသီးနှံများအနက် စပါးသီးနှံကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၅၂,၃၃၄ ဧက ၊ စဉ့်ကိုင်မြို့နယ်တွင် ၂၉,၃၆၂ ဧက ၊ မြစ်သားမြို့နယ်တွင် ၅၅,၄၈၅ ဧက ၊ စုစုပေါင်း ၁၃၇,၁၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် မိုးစပါးများအားလုံး နီးပါးရိတ်သိမ်းပြီးဖြစ်ကြောင်းသက်ဆိုင်ရာဌာန၏စာရင်းများအရသိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း မိုးစပါးကို အရည်အသွေးကောင်း ၊ ဈေးကောင်းရရှိသောရောပဒေသာစပါးနှင့် မနောသုခ စပါးမျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း၊မိုးစပါးစိုက်ပျိုးမှုတွင်ပျိုးထောင်စိုက်ပျိုးမှုနှင့်ပက်ကြဲစိုက်ပျိုးမှုများကို စိုက်ပျိုးကြကြောင်း၊ (၁)ဧကကုန်ကျစရိတ်အနေဖြင့်မျိုး၊ သွင်းအားစုလုပ်သားခအပါအဝင်စုစုပေါင်း ၁,၀၅၀,၀၀၀ ကျပ်ဝန်းကျင်ခန့်ကုန်ကျ

ကြောင်း ၊ ယခုအချိန်တွင် (မိုးစပါး)များ အားလုံးနီးပါး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့်(၇၅-၈၀)တင်းခန့် ထွက်ရှိကြောင်း၊(၁)ဧကအကျိုးမြတ်အနေဖြင့်၁,၂၀၀,၀၀၀ကျပ်ရရှိကြောင်း၊စပါးစိုက်ပျိုးသောတောင်သူတစ်ဦးထံက သိရသည်။

ယခုလက်ရှိစပါးဈေးနှုန်းအနေဖြင့်မနော်သုခစပါး(မိုး)တင်း ၁၀၀လျှင် ၁,၇၀၀,၀၀၀-၂,၀၀၀,၀၀၀ ကျပ် ၊ မနော်သုခ ဆန်(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၅၅,၀၀၀-၆၀,၀၀၀ကျပ် ၊ ရောပဒေသာစပါး တင်း(၁၀၀)လျှင် ၃,၀၀၀,၀၀၀ကျပ် ၊ ရောပဒေသာဆန်(သစ်) ၂၄ပြည် တစ်အိတ်လျှင် (၁၀၂၀၀၀-၁၀၅၀၀၀)ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပွဲစားများထံမှ သိရသည်။

**Source :** https://myantrade.gov.mm/

## ဧနုဖြူမြို့နယ်၌ ဒေသထွက်ငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ဒေသထွက်ငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံကသိရသည်။

ယခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ဓနုဖြူမြို့နယ်၌ ငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ နေ့စဉ် ငါးတန်ပိဿာ ၄၅၀၀ မှ ၆၅၀၀ ခန့်အထိ အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်မှာ ငါးတန်တွေဝယ်လိုအား ကောင်းနေပါတယ်။ ဒေသထွက် ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာပါ။ လက်ရှိမှာ ငါးတန်တွေက တခြားငါးအမျိုးအစားတွေထက် အရောင်း အဝယ်ဖြစ်နေ ပါတယ်။ ငါးတန်အရောင်းအဝယ်ကောင်း လာတော့ လုပ်သားတွေနဲ့လုပ်ငန်းရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်"ဟု ၎င်းက ပြောသည်။

ဓနုဖြူမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဒေသထွက်ငါးတန်များကို ဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားကိုဈေးကွက်သို့ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်းသိရသည်။

**Source :** https://myawady.net.mm/

## ပြည်တွင်း၌ မော်တော်ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် စက်မှုဝန်ကြီး တိုက်တွန်း



ပြည်တွင်းမှာ မော်တော်ယာဉ်အစိတ်အပိုင်းတွေ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း စက်မှုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောပါတယ်။

မတ်လ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ မှာရှိ တဲ့ Myanmar Motor Corporation Public Co., Ltd. မှ ISUZU အမှတ်တံဆိပ် မော်တော်ယာဉ်တွေကို SKD စနစ်နဲ့ ကိုယ်တိုင် တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံကိုသွားရောက် ကြည့်ရှုရင်း အထက်ပါအတိုင်း ပြောကြားခဲ့တာပါ။

မော်တော်ယာဉ် ကိုယ်ထည်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မယ်ဆိုပါက ထုတ်လုပ်မဲ့ မော်တော်ယာဉ်တွေရဲ့ ဘောင် တွေ တည်ဆောက်ပုံ၊ မောင်းနှင်အသုံးပြုချိန်မှာ ဖြစ်ပေါ်လာမဲ့ ကွေးညွတ်မှု၊ ဒဏ်အားသက်ရောက်မှု၊ ဒြပ်ဆွဲအား တည်နေရာပြောင်းလဲမှုအခြေအနေတွေကို သီအိုရီအရ တွက်ချက်ပြီး မော်တော်ယာဉ်ရဲ့ တည်ငြိမ်မှုကို ရရှိနိုင်အောင် စီမံဆောင်ရွက်ကြရမယ်လို့ ဆိုပါတယ်။

ခရီးသည်ယာဉ်တွေရဲ့ ကိုယ်ထည်တပ်ဆင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုပါက သုံးစွဲသူပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားကာ အသေးစိတ်တွက်ချက် ဆောင်ရွက်ရမယ်လို့ ညွှန်ကြားထားပါတယ်။

မူရင်းကုမ္ပဏီရဲ့ သတ်မှတ်ချက်တွေနဲ့အညီ တိကျစွာ လိုက်နာဆောင်ရွက်ပြီး အရည်အသွေးပြည့်မီအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းထားပါတယ်။

ပြည်တွင်းမှာ မော်တော်ယာဉ်တွေကို SKD/ CKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်ခြင်းက နည်းပညာရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်လို့ ရည်ရွယ်ချက်အောင်မြင်အောင် အထူးအလေးထား ဆောင်ရွက်ရမယ်လို့လည်း စက်မှုဝန်ကြီးက ဆက်လက်ပြောကြားပါတယ်။

ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်ပေါ်လာမှု အခြေအနေတွေကိုလည်း စိစစ်တွက်ချက်ထားဖို့ လိုအပ်တယ်လို့လည်း ဆိုထားပါတယ်။

**Source : BETV Business**

## ထိုင်းနိုင်ငံ၏ ပီလောပီနံ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် လမ်းပြမြေပုံကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက မိတ်ဆက်ခဲ့

နိုင်ငံတကာဈေးကွက်များသို့ ထိုင်းပီလောပီနံတင်ပို့မှုကိုတိုးချဲ့ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန(DFT)က အလားအလာရှိသောလမ်းပြ မြေပုံ ၂၀၂၆ ကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုပါမဟာဗျူဟာသည် ဂျပန်နိုင်ငံ၏စက်မှုကဏ္ဍများမှ ဝယ်လိုအားတိုးလာစေရန်အတွက် ပီလောစေ့အမှုန့်များ၊ ပြုပြင်ထားသော ကစီဓာတ်နှင့် ပရီမီယံအဆင့်အမှုန့်များအပါအဝင် တန်ဖိုးမြင့်ထုတ်ကုန်များကို ဦးစားပေးဆောင်ရွက် မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင်အဓိကဦးတည်ရာဈေးကွက်များမှာ ပီလောပီနံကစီဓာတ်ကို အဓိကကုန်ကြမ်းအဖြစ် မှီခိုနေရသည့် ကြီးထွားလာနေသော မွေးမြူရေးနှင့် လူသုံးကုန် ပစ္စည်းကဏ္ဍများဖြစ်ကြောင်း၊ ယင်းပဏာမခြေလှမ်းသည် ဦးစီးဌာန၏ အောင်မြင်သော ၂၀၂၅ ခုနှစ် ကုန်သွယ်မှုမစ်ရှင်အပေါ် အခြေခံပါကြောင်း၊ မကြာသေးမီက ဂျပန်စိုက်ပျိုးရေးစွန့်ဦး တီထွင်သူများနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးအကြံပေးများက ထိုင်းပီလောပီနံမှ ပုလဲနှင့် သာမိုပလတ်စတစ်ဓာတ်တို့ကို တင်သွင်းရန် စိတ်ဝင်စားမှုမြင့်တက်လာခဲ့သည်ကို ပြသခဲ့ပါကြောင်း သိရသည်။

ထိုင်းပီလောပီနံသည် ၎င်း၏အရည်အသွေးနှင့် အဆင့်မြင့်ထုတ်လုပ်မှုနည်းပညာအတွက် အသိအမှတ်ပြုခံရကြောင်း၊ ပရီမီယံအဆင့်ကစီဓာတ်သည် သိသာထင်ရှားသောတန်ဖိုးမြှင့်အလားအလာကို ပေးစွမ်းပြီး စက်မှုလုပ်ငန်းအတွက် စွယ်စုံသုံးကုန်ကြမ်းဖြစ်ကြောင်း၊ ဂလူတန်မပါ ဝင်သည့် GMO မဟုတ်သောအခြေအနေကြောင့် ဂျပန်နိုင်ငံ၏တင်းကျပ်သော စားသုံးသူဘေးကင်းရေးနှင့် အရည်အသွေးစံနှုန်းများနှင့်လည်းကိုက်ညီပြီး ပို့ကုန်အလားအလာကို ပိုမိုအားကောင်းစေကြောင်း၊အဆိုပါ အခွင့်အလမ်းများတိုးတက်စေရန်အတွက် တိုကျိုသို့ ကုန်သွယ်မှုဆိုင်ရာမစ်ရှင်တစ်ခုဦးဆောင်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ် Noppadon Kuntamas အား ခန့်အပ်ခဲ့ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့သည် မွေးမြူ ရေး၊ အစားအစာနှင့် လူသုံးကုန်ကဏ္ဍများတွင် ဂျပန်ထိပ်တန်းတင်သွင်းသူများနှင့် အဆင့်မြင့်ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း၊ မစ်ရှင်သည် ထိုင်းပို့ကုန်လုပ်ငန်းရှင်များကို ဂျပန်တင်သွင်းသူများနှင့် ချိတ်ဆက်ကာ ထိုင်းပီလောပီနံ၏ အားသာချက်များကို သတိပြုမိစေရန် ရည်ရွယ်ကြောင်း၊ ဌာနသည်

ယုံကြည်မှုတည်ဆောက်ရန်နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဤအစီအစဉ်သည် ထိုင်းတောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များအတွက် ဝင်ငွေတိုးစေမည်ဖြစ်ပြီး ကုန်သွယ်မှု အန္တရာယ်များကို ကွဲပြားစေကာ စက်မှုလုပ်ငန်းကို အားကောင်းစေရုံသာမက ပြည်တွင်းပီလောပီနံဈေးနှုန်းကို တည်ငြိမ်စေရေးကူညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း ညွှန်ကြားရေးမှူးချုပ် Arada Fuangtong က ပြောကြားခဲ့သည်။

**Source:** https://www.nbtworld

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၅ နှစ်တာကာလတွင် အနိမ့်ဆုံးဖြစ်နိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထား

ဘတ်ငွေအားကောင်းကာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမေရိကန်၏ သွင်းကုန်ခွန်များကြောင့် ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုသည် တန်ချိန် ၇ ဒသမ ၀၃ သန်းရှိဖြင့် ၅ နှစ်တာကာလတွင် အနိမ့်ဆုံးဖြစ်နိုင်သည်ဟု ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် ဘတ်ငွေ ၁၃၀ ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၇ ဒသမ၀၃ သန်းတင်ပို့ရန် ခန့်မှန်းထားပြီး ငွေလဲနှုန်းကိုလည်း အမေရိကန် ၁ ဒေါ်လာလျှင် ၃၃-၃၄ ဘတ်သို့ရောက်ရှိရန် အစိုးရအား တိုက်တွန်းထားကြောင်း၊ စံပယ်ဆန်သည် ကမ္ဘာ့ဈေးအကြီးဆုံးဖြစ်လာနိုင်ပြီး အဓိကဈေးကွက်၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကြား ဆုံးရှုံးနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် စုစုပေါင်းတန်ချိန် ၅၃၀,၂၈၇ရှိပြီး ယခင်နှစ် အလားတူလတွင် တန်ချိန် ၆၄၃,၁၄၄ ရှိရာမှ ၁၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးမှာ ဘတ် ၉ ဒသမ ၇၀၇ ဘီလီယံ၊ ၃၀ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၁၃ သန်း၊ ၂၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဈေးနှုန်းဖိအားနှင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှုကို ထင်ဟပ်စေကြောင်း၊ အဓိကအချက်မှာ ထိုင်းဘတ်ငွေသည် အမေရိကန် ၁ ဒေါ်လာလျှင် ၃၃ ဘတ်-၃၄ ဘတ်ခန့်မှ ၃၁ ဘတ်အထိအားကောင်းလာသောကြောင့် ထိုင်းဆန်ကို ပြိုင်ဘက်များထက် ဈေးနှုန်းပိုမိုကြီးမြင့်စေသဖြင့် ယှဉ်ပြိုင်နိုင်စွမ်းကို ကျဆင်းစေကြောင်း အသင်းဥက္ကဋ္ဌ Mr. Charoen Laothamatas က သုံးသပ်ပြောကြားခဲ့သည်။

ဆန်အမျိုးအစားအလိုက် တင်ပို့မှုကျဆင်းမှုများမှာ ဆန်ဖြူ ၂၃၉,၁၉၂ တန်(ကျဆင်း ၁၄ ဒသမ၈ ရာခိုင်နှုန်း)၊ နောက်တွင် စံပယ်ဆန် ၁၂၀,၉၁၃ တန် (၈ ဒသမ ၄ ရာခိုင်နှုန်း)၊ ပေါင်းဆန် ၇၂,၄၆၂ တန်(အောက်) ၂ ဒသမ၅ ရာခိုင်နှုန်းနှင့် ထိုင်းဆန်မွှေးဆန်မှာ ၂၉,၃၉၀ တန်(၃ ရာခိုင်နှုန်း)၊ တစ်ချိန်တည်းတွင် ကောက်ညှင်းဆန်နှင့် စံပယ်ကွဲဆန်များ ကျယ်ပြန့်လာကာ အလားအလာရှိနေဆဲဖြစ်သော ဈေးကွက်ဝယ်လိုအားကို ထင်ဟပ်စေပါကြောင်း၊ ဇန်နဝါရီလတွင် အဓိကဈေးကွက်များတွင် အီရတ်၊ အမေရိကန်၊ တောင်အာဖရိက၊ မလေးရှား၊ အန်ဂိုလာ၊ ကင်မရွန်း၊ ဆီနီဂေါ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် ဟောင်ကောင်တို့ပါဝင်ပြီး အီရတ်နှင့် အမေရိကန်တို့၏ သွင်းကုန်များသိသိသာသာကျဆင်းခဲ့ပါကြောင်း၊ မလေးရှားတင်သွင်းမှု ၁၁၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် တရုတ်တင်သွင်းမှု ၈၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကာ ဈေးကွက်များပြန်လည်ဖွဲ့စည်းခြင်းနှင့် ဒေသအနှံ့ ဝယ်လိုအားအပြောင်း အလဲများကို ညွှန်ပြနေပါကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ပို့ကုန်ရလွယ်ကူသော ငွေလဲနှုန်းမှာ ဘတ်ငွေ ၃၃-၃၄ ဘတ်ဝန်းကျင်ရှိသင့်သည်ဟု အခိုင်အမာပြောဆိုကာ အစိုးရသစ်မှ အားကောင်းသောဘတ်ငွေကို အရေးတကြီးဖြေရှင်းရန် အဆိုပြုခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ပို့ကုန်တန်ချိန်ကို ၇ ဒသမ၀၃ သန်းကို ရည်မှန်းထားပြီး ပို့ကုန်တန်ချိန် ၇ ဒသမ၉ သန်းအထိ ရောက်ရှိခဲ့သည့် ၂၀၂၅ ခုနှစ်ကထက် ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါကြောင်း၊ ပို့ကုန်တန်ဖိုးမှာ ခန့်မှန်းခြေ ဘတ် ၁၃၀ ဘီလီယံခန့် သို့မဟုတ် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၄

ဘီလီယံ ဖြစ်သဖြင့် ၁၂ ဒသမ၃ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ၄ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားခဲ့ရာ ၅ နှစ်အတွင်း အနိမ့်ဆုံးအဆင့်အဖြစ် မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ဆန်အမျိုးအစားအလိုက် ၂၀၂၆ ခုနှစ် မျှော်မှန်းတင်ပို့မှုမှာ ဆန်ဖြူတန်ချိန် ၂ ဒသမ၉ သန်း၊ ပေါင်းဆန်တန်ချိန် ၁ ဒသမ၃ သန်း၊ စံပယ်ဆန်တန်ချိန် ၁ ဒသမ၃ သန်း၊ ထိုင်းဆန်မွှေးတန်ချိန် သုည ဒသမ၄ သန်း၊ ကောက်ညှင်းဆန်တန်ချိန် သုည ဒသမ၁၅ သန်း၊ဆန်ကွဲနှင့် ဆန်ချော၊ ဆန်လုံးညို၊ အော်ဂဲနစ်ဆန်တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း တင်ပို့မှုနှေးကွေးရခြင်း၏ အဓိကအကြောင်းရင်းများတွင် ထိုင်းဘတ်ငွေအားကောင်းခြင်းကြောင့်ဖြစ်ပြီး ထိုင်းဘတ်ငွေ ၁ ဘတ်မြင့်တက်လာတိုင်း ၅ ရာခိုင်နှုန်းဆန်ဖြူ ၁ တန်တွင် အမေရိကန်ဒေါ်လာ ၁၂ မှ ၁၅ ကြားနှင့် ဆန်မွှေး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ မှ ၃၅ ကြား ဈေးနှုန်းမြင့်တက်စေရာ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားတို့နှင့် ယှဉ်ပြိုင်ရန် ပိုမိုခက်ခဲစေကြောင်း၊ ထိုင်းစပယ်ဆန်သည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁,၂၀၀ သို့ ရောက်ရှိခဲ့ရာ ဘာစမာတီဆန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၇၀ ထက် ဈေးနှုန်းမြင့်မားပြီး ဗီယက်နမ်နှင့် ကမ္ဘောဒီးယားစသည့် ပြိုင်ဘက်များ၏ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀-၈၃၀ ကြားတို့ထက် ပိုမိုဈေးနှုန်းမြင့်မားနေပါကြောင်း Mr. Charoen က ဖြည့်စွက်ပြောကြားခဲ့သည်။

ပုဒ်မ ၁၂၂ အရ အမေရိကန်၏ သွင်းကုန်အကောက်ခွန် တိုင်းတာမှုသည် ရက်ပေါင်း ၁၅၀ အတွင်း ယာယီအကောက်ခွန် ၁၅ ရာခိုင်နှုန်းစည်းကြပ်ခွင့်ပြုခြင်းသည် ယခင်က အကောက်ခွန်ဝန်ထုပ်ဝန်ပိုးမျှသာ ကြုံတွေ့ခဲ့ရသည့် ထိုင်းဆန်တင်ပို့မှုကို ထိခိုက်နိုင်ကြောင်း၊ အမေရိကန်ဆန်စက် လုပ်ငန်းမှ ဈေးနှုန်းထောက်ပံ့မှုများကြောင့် တိုင်ကြားခံရပြီးနောက် အနာဂတ်တွင် ကုန်သွယ်မှုဆိုင်ရာ ပုဒ်မ ၃၀၁ အရ လက်တုံ့ပြန်မည့်ဖြစ်နိုင်ခြေကို စောင့်ကြည့်နေပါကြောင်း၊ စည်းကြပ်ခွန်သက်ရောက်မှု ကြောင့် ထိုင်းနိုင်ငံ၏ထိပ်တန်းဈေးကွက်ဖြစ်သည့် အမေရိကန်သို့ တင်ပို့မှုကို ပုံမှန် ၁ နှစ်လျှင် စပယ်ဆန် တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းခန့် ဖြစ်သော တန်ချိန် ၆၀၀,၀၀၀ (၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ )ကျဆင်း စေနိုင်မည်ဖြစ်ကြောင်း၊ အခြားသော ဖိအားများတွင် နိုင်ငံများစွာသည် ရိတ်သိမ်းမှုအားကောင်းသောကြောင့် ကမ္ဘာ့ဆန်ထောက်ပံ့မှုမြင့်တက်လာခြင်း၊ အင်ဒိုနီးရှား၏ ကြေညာချက်တွင် ဆန်အမျိုးအစားအားလုံး တင်သွင်းမှုကို ရပ်ဆိုင်းထားခြင်းနှင့် အိန္ဒိယ၏အထွက်နှုန်းမှာ တန်ချိန် ၁၅၂ သန်းရှိပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ခြင်းတို့ဖြစ်ကြောင်း၊ နိုင်ငံအများအပြားရှိ စားနပ်ရိက္ခာဖူလုံရေးမူဝါဒများသည် ပြည်တွင်းထုတ်လုပ်မှုကို ပိုမိုတွန်းအားပေးနေပြီး သွင်းကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချလျက်ရှိကြောင်း၊ အယ်လ်နီညိုပြန်လည်ရောက်ရှိလာနိုင်ခြင်းသည် တစ်ခုတည်းသော အပြုသဘောဆောင်သည့်အချက်ဖြစ်နိုင်ပြီး ပြင်းထန်သော မိုးခေါင်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ အထွက်နှုန်းကို ထိခိုက်ပါက အချို့နိုင်ငံများသည် သွင်းကုန်များအရှိန်မြှင့်လာနိုင်ကြောင်း၊ အသင်းအနေဖြင့် ပုဂ္ဂလိကကဏ္ဍအဆိုပြုချက်များနှင့်အညီ ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်ချဲ့ထွင်ရေးမူဝါဒကို တူညီသော ဦးတည်ချက်ဖြင့် သေချာစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့အကြား ခိုင်မာသောထိုင်းဘတ်ငွေကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရအား တောင်းဆိုခဲ့ကြောင်း သိရသည်။

**Source: https://www.nationthailand.com/business/trade/40062995**

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

# STOCK EXCHANGE (6.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Mar. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,248 (Shares) | 103,386,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +500 | +5.26% | 9,600 | 10,000 | 9,600 | 1,006 | 9,710,600 | 33,109,694 | 331,097 |
| MTSH | 00002 | 5,700 | +300 | +5.56% | 5,500 | 5,700 | 5,500 | 2,294 | 12,648,400 | 38,929,150 | 221,896 |
| MCB | 00003 | 8,500 | +300 | +3.66% | 8,500 | 8,500 | 8,500 | 4 | 34,000 | 10,400,986 | 88,408 |
| FPB | 00004 | 3,450 | +50 | +1.47% | 3,450 | 3,450 | 3,450 | 165 | 569,250 | 29,664,613 | 102,343 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 1,836 | 5,583,000 | 12,823,224 | 39,111 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 1,833 | 3,033,600 | 19,977,223 | 33,961 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 57 | 227,950 | 10,497,598 | 41,990 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,400 | 3,400 | 3,350 | 53 | 179,200 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 497.59 | +17.93 | +3.74% | 486.46 | 497.59 | 486.46 | 7,248 | 31,986,000 | 8 | 938,553 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 9th Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,252 (Shares) | 21,329,250 (MMK) |

| MYANPIX | 507.46 ▲ 9.87 |
|---|---|
| Total Volume (shares) | 6,252 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 957,160 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 500 |
| MTSH | 00002 | 5,800 | ▲ 100 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 3,400 | ▼ 50 |
| TMH | 00005 | 3,100 | ▲ 50 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 0 |